ကလေးတက္ကသိုလ်ကျောင်းသားများ သမဂ္ဂ (ကလ တကသ)

Kalay University Students' Union (KUSU)

# ကလေးတက္ကသိုလ်ကျောင်းသားကျောင်းသူများနှင့် မိဘပြည်သူများသို့ မေတ္တာရပ်ခံချက်

အောက်တိုဘာလ (၃၁) ရက်၊ ၂၀၂၁

မင်းအောင်လှိုင်၏ အကြမ်းဖက်စစ်အုပ်စုမှ တက္ကသိုလ်ကျောင်းများဖွင့်ကာ ကျွန်ပညာရေးစနစ်ကို အသက်သွင်းရန် ကြိုးပမ်းနေသည်ဟု သိရှိရပါသည်။ သို့ဖြစ်ပါ၍ ကျောင်းသားကျောင်းသူများနှင့် မိဘပြည်သူများအနေနှင့် ကျဆုံးလေပြီးသော ညီအစ်ကိုမောင်နှမတို့၏ သွေးပင်လယ်ကို ဖြတ်နင်းပြီး ကျောင်းမတက်ကြရန် အလေးအနက် တိုက်တွန်းအပ်ပါသည်။

- နွေဦးတော်လှန်ရေးအရေးတော်ပုံ မအောင်မချင်း ကျောင်းသားထုတစ်ရပ်လုံး စာသင်ခန်းထဲသို့ မဝင်ကြရန်
- စစ်အာဏာရှင်တို့၏ တစ်ဖက်သတ်ထုတ်ပြန်ထားသော မည်သည့်ဥပဒေကိုမျှ မလိုက်နာကြရန်
- CDM (Civil Disobedience Movement) တွင် ပေးဆပ်ပါဝင်ကြသော ဆရာဆရာမများကို အသိအမှတ်ပြုသောအားဖြင့် ကျောင်းမတက်ကြရန်
- မိဘပြည်သူများအနေဖြင့်လည်း မိမိတို့၏ သားသမီးရင်သွေးငယ်များအား စစ်ကျွန်ပညာရေးစနစ်၌ ကျောင်းမအပ်ကြရန်နှင့်
- အမျိုးသားညီညွတ်ရေးအစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ ဦးစီးဆောင်ရွက်သော ဖက်ဒရယ်ပညာရေးစနစ်ကိုအခြေခံသည့် ပညာရေးယန္တရား မလည်ပတ်မချင်း မိဘပြည်သူများနှင့် ကျောင်းသားကျောင်းသူအားလုံး တညီတညွတ်တည်း ဆန့်ကျင်ကြရန် အလေးအနက် တိုက်တွန်းအပ်ပါသည်။

ကလေးတက္ကသိုလ်ကျောင်းသားများသမဂ္ဂ

ဗဟိုအလုပ်အမှုဆောင်အဖွဲ့